## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
## ဝါရှင်တန်မြို့

### ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ဝင်ရောက်မည့် ခရီးသွားများအတွက် အသိပေးကြေညာချက်

၁။ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးနှင့် စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအသီးသီးက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံသည်လည်း အဆိုပါရောဂါ တားဆီးကာကွယ်ရေးအတွက် ၎င်းတို့နိုင်ငံကို ဝင်ရောက်မည့်(သို့) ဖြတ်သန်းသွားမည့် နိုင်ငံခြားခရီးသည်များကို (၇၂)နာရီအတွင်း ထုတ်ပေးထားသော COVID-19 ရောဂါကင်းရှင်းကြောင်း ဆေးစစ်ချက်အထောက်အထားနှင့် ယင်းရောဂါကုသခံယူမှုအတွက် အကျုံးဝင်မှုရှိသည့် ကျန်းမာရေးအာမခံ(ဆေးဝါကုသခ အနည်းဆုံးအမေရိကန် ဒေါ်လာတစ်သိန်းရှိသည့်) တင်ပြရန် လိုအပ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ ထိုင်းနိုင်ငံအနေဖြင့် ဖြတ်သန်းသွားလာသော(transit)ခရီးသည်များ၏ အရေးပေါ် လိုအပ်ချက်များကို ထောက်ရှု၍ အဆိုပါခရီးသည်များအား အထက်ဖော်ပြပါအချက်များကို ကင်းလွတ်ခွင့်ပြု၍ အောက်ပါအချက်များကို လိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

**(က) ဖြတ်သန်းသွားလာမည့် ခရီးသည်များသည် ထိုင်းနိုင်ငံတွင် (၂၄)နာရီထက်မပိုသော ကူးပြောင်းချိန်(transit time) ရှိရမည်၊**

**(ခ) လေကြောင်းခရီးသွားနိုင်ရန် ကျန်းမာရေးထောက်ခံစာ("fit to fly" Health Cetificate)ပြသရန်လိုအပ်မည်၊**

၃။ ဖော်ပြပါအချက်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာ လေကြောင်းလိုင်းမှ Check-in ပြုလုပ်ချိန်တွင် စစ်ဆေးမည်ဖြစ်ပြီး၊ ဆက်လက်သွားရောက်မည့် လေဆိပ်ရှိ ခရီးသွားလာနိုင်မှုအခြေအနေကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်ကာ ခရီးသည်များအနေဖြင့် ကူးပြောင်းရန် သတ်မှတ်ထားသည့်နေရာများ၌သာ နေရာယူကြရန် လိုအပ်မည် ဖြစ်ပါသည်။

၄။ အဆိုပါ **ကင်းလွတ်ခွင့်သည် ၃၁-၃-၂၀၂၀ ရက်နေ့ ထိုင်းနိုင်ငံဒေသစံတော်ချိန် (၂၃:၅၉) နာရီအထိသာ** ခွင့်ပြုပေးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ သွားရောက်ကြမည့် မြန်မာနိုင်ငံသားခရီးသည်များအနေဖြင့် အထက်ဖော်ပြအချက်များအပါအဝင် သက်ဆိုင်ရာ လေဆိပ်များချမှတ်ထားသည့် ရောဂါထိန်းချုပ်ရေး အစီအမံများကို တိကျစွာလိုက်နာကြရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့

ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ မတ်လ ၂၅ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
WASHINGTON